


# ရှမ်းပြည်နယ်လွှတ်တော်
## လွှတ်တော်သတင်းလွှာ
## *Shan State Hluttaw Bulletin*





၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ( ၆ )ရက်၊ ၅. ၁၂. ၂၀၁၆၊ အတွဲ(၁)၊ အမှတ်(၄)





## ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှမ်းပြည်နယ်လွှတ်တော်သို့ (၃၁-၁၀-၂၀၁၆) ရက်နေ့တွင် လာရောက်တွေ့ဆုံခြင်း

ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် (၃၁-၁၀-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်ခဲ့ပါသည်။

ပြည်ထောင်စုလွှတ်တော်နာယကအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊လွှတ်တော်ရုံးအကြီးအမှူး ဦးကျော်သူဇော်နှင့် ရုံးအဖွဲ့တို့က ကြိုဆိုနှုတ်ခွန်းဆက်ကြပါသည်။ ထို့နောက် ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၏ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များ၏ အခြေအနေ၊ အစည်းအဝေးကျင်းပမှု



အခြေအနေ၊ အဆိုတင်သွင်းမှုနှင့် ကြယ်ပွင့်ပြမေးခွန်း/ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းမှု အခြေအနေ၊ ဥပဒေကြမ်း



များ တင်သွင်းအတည်ပြုမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပါဝါပွိုင့် (Power Point) ဖြင့် ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုလွှတ်တော်နာယကမှ လိုအပ်သည်များ လမ်းညွှန်မှာကြားပါသည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်လွှတ်တော်ဧည့်ခန်းမတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ရင်းနှီးစွာ တွေ့ဆုံဆွေးနွေး၍ ကိုယ်စားလှယ်များ၏ တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ကျင်းပပြုလုပ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးကို(၁၉. ၉. ၂၀၁၆)ရက်နေ့မှ (၂၂. ၉. ၂၀၁၆) ရက်နေ့ထိ စုစုပေါင်း(၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၂၈) ဦးတို့ တက်ရောက်ခဲ့ပါသည်။




ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် လွှတ်တော် အစည်းအဝေးအား ကြီးကြပ်ဆောင်ရွက်နေစဉ်

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ကတိသစ္စာပြုခြင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော သဝဏ်လွှာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်း ခြေငွေစာရင်းနှင့် ၂၀၁၆ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် အစည်းအဝေး တက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်



ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် အစည်းအဝေးတက်ရောက်မှုမှတ်တမ်း၌ လက်မှတ်ရေးထိုးနေစဉ်

ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းခြင်း၊ ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်းအား တင်သွင်းခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းများအား တင်သွင်းခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းထားသော ဥပဒေမူကြမ်း(၂)ခု အား ဆွေးနွေး




ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ကိုယ်စားလှယ်များ တက်ရောက်မှုအခြေအနေအား စိစစ်နေစဉ်

အတည်ပြုခြင်း၊ အဆို(၃)ခု တင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုများ တင်သွင်းခြင်းအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ မေးခွန်းမေးမြန်းခြင်းများ အပေါ် ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်း တင်ပြခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။




## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကား ပြောကြား

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ယခုလို စုံစုံညီညီ ပြန်လည် တွေ့ဆုံရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း နှင့် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး လွှတ်တော်တာဝန်များကို အောင်မြင်စွာသယ်ပိုး စွမ်းဆောင်နိုင်ကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါ တယ်။

လွှတ်တော်မှာ အဓိကအားဖြင့် မေးခွန်းများ မေးမြန်း ခြင်း၊ အဆိုများတင်သွင်းခြင်း နှင့် ဥပဒေကြမ်းများ တင်သွင်း ခြင်းတို့ ဆောင်ရွက်ရပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့အတွက် မိမိတို့နယ်မြေရှိ ပြည်သူတွေကြားထဲမှာ ထဲထဲဝင်ဝင် ကွင်း ဆင်းပြီး ဖြစ်ပေါ်နေတဲ့ ကိစ္စအဝဝကို မြင်အောင်ကြည့်၊ ကြား အောင်နားထောင်၊ သိရှိအောင်လေ့လာပြီး လွှတ်တော်မှာ ဖြစ်စေ၊ လွှတ်တော်ပြင်ပမှာဖြစ်စေ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အညီ တင်ပြဆွေးနွေးကြရမှာဖြစ်ပါတယ်။ မိမိတို့၏တင်ပြ ဆွေးနွေးချက်ဟာ ပြည်နယ်အကျိုးအတွက် အပြုသဘော ဆောင်တဲ့ စိတ်စေတနာကောင်းတွေ ရှိဖို့လိုသလို ထိထိမိမိ တင်ပြ နိုင်တဲ့ အဆင့်အတန်းမျိုးရောက်ရှိအောင် ဆောင်ရွက် ကြရမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်း ကဏ္ဍဖြစ်တဲ့ စောင့်ကြည့်လေ့လာခြင်း၊ အပြန်အလှန်ထိန်း ကျောင်းခြင်းနှင့် ဥပဒေ ပြုခြင်းဆိုင်ရာကိစ္စများကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏ အရည်အချင်း အရည် အသွေးကို မြှင့်တင်ပေးကြ ရမှာဘဲဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြည်သူ များ၏ ကိုယ်စား ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဝေဖန်သုံးသပ် ဆွေးနွေး၍ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စု လွှတ်တော် ဥပဒေကို အခြေပြုပြီး ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင်လည်း အလားတူ ရှမ်းပြည်နယ်၏ ဘဏ္ဍာ ငွေ အရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းဆောင် ရွက်လာတဲ့ အခါမှာ ကျွန်တော်တို့ အတည်ပြုပေးဖို့ရှိပါတယ်။

ဖွဲ့စည်းထားတဲ့ ရေးရာကော်မတီများကို ပြန်ကြည့်တဲ့ အခါမှာ ပြည်သူများက တိုက်ရိုက် လိပ်မူပြီးတော့မှ ရေးရာ ကော်မတီကို စာတွေပေးပို့ တင်ပြလာတာ တွေ့ရှိရပါတယ်။ ယနေ့အထိ တိုင်ကြားစာများစိစစ်ရေးကော်မတီထံသို့ (၂၀ ) စောင်၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီထံသို့

(၇)စောင်၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာ ကော်မတီထံသို့(၃၆)စောင်နှင့် ဒေသန္တရစီမံကိန်း၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီထံသို့ (၃) စောင်တို့ကို အသီးသီး လွှဲပြောင်းပေးပြီးဖြစ်ပါတယ်။

ကော်မတီများအနေဖြင့် ကော်မတီအစည်းအဝေးများ ခေါ်ယူပြီး တိုင်ကြားစာများကို ဦးစားပေး အဆင့်အလိုက် သတ်မှတ်၍ တတိယ ပုံမှန်အစည်းအဝေးအပြီးမှာ ဆောင်ရွက်ရန် စီစဉ်နေပြီးဖြစ်ပါတယ်။ ပြဿနာများကို ဖြေရှင်းရာမှာ သက်ဆိုင်ရာ နယ်မြေရှိ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆက်စပ် အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ကိစ္စများ ရှိမှာဖြစ်သလို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့်သာ ဆောင်ရွက်နိုင်မည့်ကိစ္စများလည်းရှိမည်ဖြစ်ပါတယ်။

မည်သို့ပင်ဖြစ်စေ ရေးရာကော်မတီများသည် လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရတာ ဖြစ်ပါတယ်။ လွှတ်တော်ရေးရာကော်မတီများအတွက် ရုံးလုပ်ငန်းများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်ရာမှာလည်းကောင်း၊ အဆင်ပြေချောမွေ့စေရေးအတွက် အကူအညီပေးရန် လွှတ်တော်ရုံး ဝန်ထမ်းများကို ကော်မတီအလိုက် တာဝန်ခွဲဝေထားပြီးဖြစ် ပါတယ်။ ဖွဲ့စည်းထားသော လွှတ်တော်ကော်မတီများသည် မိမိတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သေချာစွာ လေ့လာပြီး ဥပဒေနှင့်အညီ ဘောင်မလွတ်စေဘဲ ဆောင်ရွက်နိုင်ဖို့ အရေးကြီးပါတယ်။လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သာကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေများကို ရေးဆွဲနိုင်သည်အထိ၊ ဥပဒေကြမ်းများကို ပြင်ဆင်နိုင်သည်အထိ ဆောင်ရွက်နိုင်တဲ့ အရည်အချင်းရှိဖို့လိုပါတယ်။ ဒီတတိယပုံမှန် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၁) ဦးက လက်ရှိတည်ဆဲဥပဒေကို အခြေပြုပြီး မိမိ၏ လေ့လာအားနဲ့ ဥပဒေမူကြမ်း (၁) ခုကို တင်သွင်းဖို့ အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။

ယခု တတိယပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၂၀၁၆ - ၂၀၁၇ ခု ရှမ်းပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ရှမ်းပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အရအသုံးဆိုင်ရာ ဥပဒေ ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကို တင်သွင်းမှာဖြစ်သလို ဒုတိယအကြိမ် ဒုတိယ ပုံမှန် အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သည့် ဥပဒေကြမ်း (၂) ခုကိုလည်း ဥပဒေပြုရေးဆိုင်ရာ ကော်မတီ အနေနဲ့ ဆွေးနွေးပြီး လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသွားဖို့ ရှိပါတယ်။

အဆိုများ တင်သွင်းခြင်းနှင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းကဏ္ဍမှာ လွှတ်တော်ကိုယ်စားလှယ် (၃) ဦးက အဆို (၃) ခုကို တင်သွင်းမှာဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် (၃၁) ဦးက ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းသွားရန် စာရင်းပေးပို့ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုများ တင်သွင်းခြင်းနှင့် မေးခွန်းများမေးမြန်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အချိန်ကို ငဲ့ညှာသောအားဖြင့် တိုတိုနှင့် လိုရင်းတိုရှင်း ထိထိမိမိ မေးမြန်း ကြဖို့ အသိပေးပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် မိမိတို့ လွှတ်တော်မှာ ဒီမိုကရေစီကျင့်စဉ်ကို မှန်ကန်စွာ ကျင့်သုံးဆောင်ရွက်ကြဖို့ လိုပါတယ်။ လွှတ်တော်သည် ပြည်သူကို ကိုယ်စားပြုတဲ့ လွှတ်တော်ဖြစ်ဖို့ လိုသလို အစိုးရသည်လည်း ပြည်သူကို တာဝန်ခံသော အစိုးရဖြစ်ဖို့ လိုအပ်ပါတယ်။ ဥပဒေမှာ တန်းတူညီမျှခွင့်ရှိရေး၊ တရားမျှတသော တရားစီရင်မှုဖြစ်စေရေးတို့အတွက် ထိန်းကျောင်းရမှာဘဲ ဖြစ်ပါတယ်။။ ထိန်းကျောင်းတဲ့နေရာမှာ ပြည်သူ့အကျိုးကို လိုလားတဲ့စိတ် ၊ ပကတိ အရှိတရားနဲ့ အမှန်တရားအပေါ်အခြေပြုတဲ့အတွေးအခေါ်၊ အပြန်အလှန် လေးစားမှုနဲ့ပွင့်လင်းရိုးသားမှုများဖြင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုများကို အတတ်နိုင်ဆုံး အဖြေရှာ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှမ်းပြည်နယ်လွှတ်တော်သို့ အကြံပြုမှာကြားချက်**

“ရှမ်းပြည်နယ်လွှတ်တော်၏ ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစုံမှဖြစ်သော်လည်း အဆို/မေးခွန်းများ တင်သွင်းမေးမြန်းခြင်း၊ ဥပဒေကြမ်းများအား အတည်ပြုခြင်း ဆောင်ရွက်ရာတွင် ဒေသခံပြည်သူလူထုများ၏ ဆန္ဒများနှင့်အညီ အဘက်ဘက်မှ ဆွေးနွေးတင်ပြဆောင်ရွက်သွားရန်၊ စည်းကမ်းရှိ၍ ဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံအဖြစ် ရောက်ရှိနိုင်ရန်အတွက် ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမှ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုကြောင်း၊ ကိုယ်စားလှယ်များ၏ ပင်မလုပ်ငန်းတာဝန်များကိုလည်း သိရှိလိုက်နာ၍ တည်ဆဲဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် တွေးခေါ်စဉ်းစား ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအားလည်း မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း ”

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ကတိသစ္စာပြုခြင်းဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး (ပထမနေ့) (၁၉. ၉. ၂၀၁၆) ရက်နေ့တွင် ကတိသစ္စာမပြုရသေးသော ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ် အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်မှ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းကို ဆောင်ရွက်ခဲ့ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ကတိသစ္စာပြုနေစဉ်

## နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားတင်ပြခြင်းနှင့် လွှတ်တော်၏ သဘောတူညီချက် ရယူခြင်းဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး (ပထမနေ့) (၁၉. ၉. ၂၀၁၆) ရက်နေ့တွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နိုင်ငံတော်သမ္မတရုံးမှ ၂၅-၇-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁၈၆(၁)/ ၈/ သမ္မတရုံးဖြင့် ပေးပို့လာသော ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၏ အမည်နှင့် အခေါ်အဝေါ် တူညီစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ **စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**အဖြစ်လည်းကောင်း၊ **သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန** အဖြစ်လည်းကောင်း အမည်ပြောင်းလဲရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ပါ ပြဋ္ဌာန်းချက်များအရလွှတ်တော်၏ သဘောတူညီချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူညီသည့်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ **စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန** ကို **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** အဖြစ်လည်းကောင်း၊ **ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန** အဖြစ် လည်းကောင်း အမည်ပြောင်းလဲ သတ်မှတ်ကြောင်း ကြေညာပါသည်။



## ဘဏ္ဍာရေးဝန်ကြီးမှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းခြင်း



ဘဏ္ဍာရေးဝန်ကြီးမှရသုံးမှန်းခြေငွေစာရင်းနှင့်ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းတို့အားတင်သွင်းနေစဉ်

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (ပထမနေ့) (၁၉. ၉. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွှန်တစ်လုံးမှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးမှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့အား ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ယင်းတင်သွင်းမှုနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌမှ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်

ကြောင်း ကြေညာပါသည်။ ဘဏ္ဍာရေးဝန်ကြီး တင်သွင်းသော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ရသုံးမှန်းခြေ ငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (တတိယနေ့ )(၂၁-၉-၂၀၁၆) ရက်နေ့တွင် ဆွေးနွေးသည့် ကိုယ်စားလှယ်များ မရှိသည့်အတွက် လွှတ်တော်၏ ဆန္ဒ သဘောထားရယူကာ အတည်ပြုခဲ့ပါသည်။

## ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သောဌာနအဖွဲ့အစည်း များ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား တင်သွင်းခြင်း ဆောင်ရွက်



ဘဏ္ဍာရေးဝန်ကြီးမှ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်းအား တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့) (၂၀. ၉. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေး ဝန်ကြီး ဦးစိုင်းရဲန် တစ်လုံ မှ ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန အဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုငွေ တောင်းခံခြင်းအား လွှတ်တော်သို့ တင်ပြခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီး တင်သွင်းသော ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံ ငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေ တောင်းခံခြင်းအား ဒုတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး (စတုတ္ထနေ့ )(၂၂-၉-၂၀၁၆) ရက်နေ့တွင် ဆွေးနွေးသည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် လွှတ်တော် ၏ ဆန္ဒသဘောထားရယူကာ အတည်ပြုခဲ့ပါသည်။

**ဒီမိုကရေစီ ဖော်ဆောင်ရေး**
**လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် ရှမ်းပြည်နယ် ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်းတင်သွင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့) (၂၀. ၉. ၂၀၁၆)ရက်နေ့တွင် ကျောက်မဲမြို့နယ်၊မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်က “ ရှမ်းပြည်နယ် ကြက်မွေး မြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်း”အား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေအား နောင်လာမည့် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ် ကြောင်းနှင့် ဆွေး နွေးမည့်သူများအနေဖြင့် ဆွေးနွေးချက်များ ကို (၂၀-၁၀-၂၀၁၆) ရက်နေ့အရောက် ပေးပို့ကြရန် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက ကြေညာပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ် ဥပဒေကြမ်း တင်သွင်းနေစဉ်

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် ကလောမြို့နယ်၊ ဟဲဟိုးကျေးရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့သတ်မှတ်ပေးရန် အဆိုတင်သွင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(ပထမနေ့) (၁၉. ၉. ၂၀၁၆)ရက်နေ့တွင် ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန်းထိုက်က “ ကလောမြို့နယ်၊ ဟဲဟိုးကျေး ရွာအုပ်စုအား ဟဲဟိုးမြို့အဖြစ် ပြောင်းလဲ/တိုးချဲ့ သတ်မှတ် ပေးရန်” အဆိုအား တင်သွင်းရာ ရွာငံမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး မှ ထောက်ခံခဲ့ပါသည်။ ယင်းအဆိုအား အစည်းအဝေး (ဒုတိယနေ့) (၂၀. ၉. ၂၀၁၆)ရက်နေ့တွင် တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်
အဆို တင်သွင်းနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း
အဆိုအား ဆွေးနွေးနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုး
အဆိုအား ထောက်ခံနေစဉ်



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်
အဆိုအား ပြန်လည်ရှင်းလင်း ဆွေးနွေးနေစဉ်

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းတို့က ဆွေးနွေးခဲ့ကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက်လွှတ်တော်ဥက္ကဋ္ဌမှလွှတ်တော်၏သဘောထားရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက်အဆိုအားလွှတ်တော်မှအတည်ပြုခဲ့ပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်
အဆိုအား ဆွေးနွေးနေစဉ်

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း အဆိုတင်သွင်းခြင်း ဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) (၂၀. ၉. ၂၀၁၆)ရက်နေ့တွင် မိုင်းပန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းကက “ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ BE -RE နှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ BE - RE ဘတ်ဂျက်ငွေလုံးငွေရင်းဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးသို့ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ကုမ္ပဏီများအနေဖြင့် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်မိတ္တူများ BP - BQ မိတ္တူများကို မြို့နယ်များရှိလွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ရန် ”အဆို တင်သွင်းရာ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦးက ထောက်ခံခဲ့ပါသည်။ ယင်းအဆိုအား အစည်းအဝေး (တတိယနေ့) (၂၁. ၉. ၂၀၁၆)ရက်နေ့တွင် မိုင်းဖြတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို၊



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း
အဆို တင်သွင်းနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း
အဆိုအား ဆွေးနွေးနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဟန်သိန်းဦး
အဆိုအား ထောက်ခံနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ
အဆိုအား ဆွေးနွေးနေစဉ်

နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းနှင့် နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေတို့က ဆွေးနွေးခဲ့ကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် လွှတ်တော်ဥက္ကဋ္ဌမှ အဆိုအား အတည်ပြုနိုင်ရန်အတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူရာ အစည်းအဝေး တက်ရောက်သူ(၁၂၀)ရှိသည့်အနက် ထောက်ခံဆန္ဒမဲ(၇၉)မဲ၊ ကန့်ကွက်ဆန္ဒမဲ(၄၁)မဲရရှိပြီး ထောက်ခံဆန္ဒမဲ အရေအတွက်ကများသည့်အတွက် အဆိုအား လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာခဲ့ပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားကို
အဆိုအား ဆွေးနွေးနေစဉ်



ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရွဲန်တစ်လုံ
အဆိုအား ပြန်လည်ရှင်းလင်း ဆွေးနွေးနေစဉ်

# ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စု၊ မိုးဗြဲကျေးရွာအား မြို့အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အဆိုတင်သွင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန်အစည်းအဝေး(တတိယနေ့) (၂၁. ၉. ၂၀၁၆)ရက်နေ့တွင် ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလိုမှ “ ဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာ



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအန်းဂျေလို
အဆို တင်သွင်းနေစဉ်

အုပ်စု၊ မိုးဗြဲကျေးရွာသည် လက်ရှိအခြေအနေတွင် အိမ်ခြေနှင့်လူဦးရေများပြား လာသည့်အတွက် ကျေးရွာအဆင့်မှ မြို့အဆင့်သို့ တိုးမြှင့် သတ်မှတ်ပေးပါရန်” အဆိုအား တင်သွင်းရာ မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းမှ ထောက်ခံခဲ့ပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း
အဆိုအား ထောက်ခံနေစဉ်

ယင်းအဆိုအား အစည်းအဝေး (စတုတ္ထနေ့) (၂၂. ၉. ၂၀၁၆)ရက်နေ့တွင် ဖယ်ခုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနို့နှင့် မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေရီနို့
အဆိုအား ဆွေးနွေးနေစဉ်




ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း
အဆိုအား ဆွေးနွေးနေစဉ်

ကိုယ်စားလှယ် ဒေါ်ရီရီဝင်းတို့က ဆွေးနွေးခဲ့ကြရာရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်မှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ လွှတ်တော်၏ ဆန္ဒသဘောထားရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အဆိုအား လွှတ်တော်မှ အတည်ပြုခဲ့ပါသည်။



လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်
အဆိုအား ပြန်လည်ရှင်းလင်း ဆွေးနွေးနေစဉ်

## ရှမ်းပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေအား အတည်ပြုခြင်း ဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(တတိယနေ့) (၂၁. ၉. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့) (၁၂. ၇. ၂၀၁၆)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သဘောထားမှတ်ချက်နှင့်



ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်း ပြင်ဆင်ချက်အဆို တင်သွင်းနေစဉ်

အတူ တင်သွင်းခဲ့သော ရှမ်းပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ (မူကြမ်း) အား အတည်ပြုနိုင်ရေး ဆောင်ရွက်ရာတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ကိုယ်စား ကော်မတီ အတွင်းရေးမှူး ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ (ခေါ်) ဦးညီလေးချမ်းမှ ကော်မတီ၏ အစီရင်ခံစာနှင့် အကြံပြုချက်ကို တင်သွင်းခြင်းနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ ပြင်ဆင်ရန် တင်သွင်းလာသော



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာညီညီအောင် ဥပဒေကြမ်းအား ဆွေးနွေးနေစဉ်

အချက်များကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာညီညီအောင်၏ သဘောထားမေးမြန်း၍ ရှမ်းပြည်နယ် ဆားနှင့် ဆားထွက် ပစ္စည်းဥပဒေ (မူကြမ်း) တစ်ခုလုံးကို ပြည်နယ်လွှတ်တော်၏ သဘောဆန္ဒနှင့်အညီ အတည်ပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။

## ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေအား အတည်ပြုခြင်း ဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေး(စတုတ္ထနေ့) (၂၂. ၉. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့) (၁၃. ၇. ၂၀၁၆)ရက်နေ့၌ ရှမ်းပြည်နယ်အစိုးရ



ဥပဒေပြုရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးညီညီ(ခ) ဦးညီလေးချမ်း ပြင်ဆင်ချက်အဆို တင်သွင်းနေစဉ်

အဖွဲ့မှ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ တင်သွင်းခဲ့သော ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဥပဒေ(မူကြမ်း)အား အတည်ပြုနိုင်ရေး ဆောင်ရွက်ရာတွင် ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ ကိုယ်စားကော်မတီ အတွင်းရေးမှူး ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခေါ်)ဦးညီလေးချမ်းမှ ကော်မတီ၏ အစီရင်ခံစာနှင့် အကြံပြုချက်ကို တင်သွင်းခြင်းနှင့် ဥပဒေပြုရေးဆိုင်ရာကော်မတီသို့ ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းဉာဏ်၊ လဲချားမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျနှင့် သီပေါမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးတို့က ပြင်ဆင်ရန် တင်သွင်းလာသော အချက်များကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌမှ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး

ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၏ သဘောထားမေးမြန်း၍ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)တစ်ခုလုံးကို အတည်ပြုရန်အတွက် ပြည်နယ်လွှတ်တော်၏ သဘောဆန္ဒတောင်းခံကာ ဥပဒေကြမ်းအား အတည်ပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး ဥပဒေကြမ်းအား ဆွေးနွေးနေစဉ်



ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇေယျ ဥပဒေကြမ်းအား ဆွေးနွေးနေစဉ်



စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး ဥပဒေကြမ်းအား ဆွေးနွေးနေစဉ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းမှုနှင့် ဖြေကြားမှု အခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၉. ၉. ၂၀၁၆)ရက်နေ့မှ (၂၂. ၉. ၂၀၁၆) ရက်နေ့အထိ အစည်းအဝေး(၄)ရက် ကျင်းပရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၇၇)ခု မေးမြန်းမှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဖြေကြားမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | ရက်စွဲ | မေးခွန်း မေးမြန်းမှု | ဖြေကြားမှု |
|---|---|---|---|
| ၁ | ၁၉-၉-၂၀၁၆ | ၂၀ | ၂၀ |
| ၂ | ၂၀-၉-၂၀၁၆ | ၂၀ | ၂၀ |
| ၃ | ၂၁-၉-၂၀၁၆ | ၂၀ | ၂၀ |
| ၄ | ၂၂-၉-၂၀၁၆ | ၁၇ | ၁၇ |
| စုစုပေါင်း | | ၇၇ | ၇၇ |



ရှမ်းပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး ဦးကျော်သူဇော် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေစဉ်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ တတိယပုံမှန် အစည်းအဝေးဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်တတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကာယ သုခ၊ စိတ္တသုခ၊ နှစ်ဖြာသော သုခနဲ့ ပြည့်စုံပြီး နိုင်ငံတော်နဲ့ ပြည်သူလူထု အကျိုးစီးပွားသာမက လူမျိုး၊ဘာသာ၊ သာသနာ အကျိုးသယ်ပိုးနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါ တယ်။ ယနေ့ အစည်းအဝေးမှာ ပြည်နယ် လွှတ်တော်ကိုယ် စားလှယ်များ အနေဖြင့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ ပြုစုတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဟာ မကြာမီကျင်းပပြီးစီးတော့မှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါတယ်။ အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် (၃၁)ဦးတို့ရဲ့ မေးခွန်းပေါင်း (၇၇)ခု မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် အဆို(၃)ခု တင်သွင်းခြင်းဆောင် ရွက်နိုင်ခဲ့ပြီး တင်သွင်းခဲ့သည့် အဆို (၃) ခုကိုလည်း အတည်ပြု ပေးနိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ရှမ်းပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေ၊ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဥပဒေနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့ သည့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင် ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကိုလည်း အတည်ပြု ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်ဘဏ္ဍာ ရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများ၏ ၂၀၁၆ - ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၆ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကျောက်မဲမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁)မှပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်က ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်း (၁) ခုတို့ကို တင်သွင်းနိုင်ခဲ့ပါတယ်။ ရှမ်းပြည်နယ်ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေးဥပဒေ ကြမ်းနှင့် စပ်လျဉ်းပြီး အနီးကပ်ဆုံးကျင်းပမည့် ရှမ်းပြည်နယ် လွှတ်တော်အစည်းအဝေးမှာ တွေ့ရှိချက် အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးရန်ရှိပါက ဆွေးနွေးလို

သည့် အချက်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၂၀ ) ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရန်အတွက်လည်း ထပ်မံ ပြောကြားလိုပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေး ပထမနေ့ ၁၉-၉-၂၀၁၆ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနကို ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအဖြစ်လည်းကောင်း၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြစ်လည်းကောင်း ပြောင်းလဲသတ်မှတ်ခြင်းကိုပြည်နယ် လွှတ်တော်၏ သဘောတူညီချက် ရယူပြီး နိုင်ငံတော်သမ္မတသို့ သဝဏ်လွှာ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ပေးပို့ခဲ့သော သဝဏ်လွှာအရ နိုင်ငံတော်သမ္မတရုံး၏ ၂၀-၉-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၆၆/ ၂၀၁၆)ဖြင့် ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာဘဲ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ(ကျားခေါင်းခန်းမ)နှင့် ပတ်သက်၍ သမိုင်းအကျဉ်းကို တင်ပြလိုပါတယ်။ ရှမ်းပြည်နယ်လွှတ်တော်၊ အစည်းအဝေးခန်းမ အဆောက်အဦမှာ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အကွက်အမှတ်(၅၃)၊ ဦးပိုင်အမှတ်(၃)တွင် တည်ရှိပြီး၊ မြေဧရိယာ (၂. ၀၂၂) ဧက ကျယ်ဝန်းပါတယ်။ ပိုင်ဆိုင်မှုအနေနဲ့ကတော့ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမည်ဖြင့် ၂၀-၂-၁၉၉၈ မှ ၁၉-၂-၂၀၂၈ ရက်နေ့အထိ နှစ် (၃၀) မြေငှါးဂရန်ရရှိထားပြီးဖြစ် ပါတယ်။ ကျားခေါင်းခန်းမ (ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ)ကို ၁၉၅၄ ခုနှစ်တွင် ဦးခမ်း(မြူနီစီပယ်ဥက္ကဋ္ဌဟောင်း)က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ ဥပဒေပြု လွှတ်တော်ပုံစံအတိုင်း ပုံစံပြု တည်ဆောက်ခဲ့ပါတယ်။

၁၉၅၈ ခုနှစ်၊ ဩဂုတ်လ ၆ ရက်၊ နံနက် ဝ၈း၃၀ နာရီအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဒုတိယ ဝန်ကြီးချုပ်(နိုင်ငံခြားရေးနှင့် ရှမ်းပြည်နယ်ကောင်စီ ဥက္ကဋ္ဌကြီး) စဝ်ခွန်ချိုကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ခေတ်အဆက် ဆက်အသုံးပြုမှုမှာ လွတ်လပ်ရေးရပြီးနောက် ကျားခေါင်းခန်းမကြီး ကို ရှမ်းပြည်နယ်ကောင်စီအစိုးရ အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ရာ ၁၉၅၈ ခုနှစ်၊ ဩဂုတ် လ ၈ ရက်မှ ၁၉ ရက်နေ့အထိ ပဥ္စမအကြိမ်မြောက် ရှမ်းပြည်နယ်ကောင်စီ ညီလာခံ ပထမအကြိမ် ကျင်းပနိုင်ခဲ့တဲ့ ခန်းမဖြစ်ပါတယ်။

၁၉၆၂-၁၉၆၃ ခုနှစ်၊ ပညာသင်နှစ်တွင် ကျားခေါင်းခန်းမနှင့် ဆက်စပ်သော ရုံးခန်းများကို တောင်ကြီးဥပစာကောလိပ်၏ ဝိဇ္ဇာဘာသာရပ် စာသင်ဆောင်အဖြစ် ယာယီအသုံးပြုခဲ့သည့်အပြင် တောင်ကြီးကောလိပ်၏ အမျိုးသမီးအဆောင်(ပင်လုံအဆောင်) အဖြစ် ခေတ္တ အသုံးပြုခဲ့ပါတယ်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်၌ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကျားခေါင်းခန်းမကို ရှမ်းပြည်နယ်ဒေသပါတီကော်မတီရုံးနှင့် အစည်းအဝေးခန်းမအဖြစ် ဆက်လက်အသုံးပြုခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ၂၀၁၀ ခုနှစ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တိုင်အောင် ရှမ်းပြည်နယ် အစည်းအဝေးခန်းမအဖြစ် အသုံးပြုခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှ စ၍ ယနေ့အထိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမအဖြစ် အသုံးပြုလျက် ရှိပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦအသစ် ဆောက်လုပ်မည့်ကိစ္စနှင့် ပတ်သက်၍ ဆက်လက်ပြောကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တွင် မြို့နယ် ၅၅ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ရွေးကောက်ခံ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁၀) ဦး၊ တိုင်းရင်းသားလူမျိုးစု လွှတ်တော်ကိုယ်စားလှယ် (၇) ဦး၊ တပ်မတော်သားကိုယ်စားလှယ် ၃၆ ဦး၊ စုစုပေါင်း (၁၅၃) ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ သို့ရာတွင် ပန်ဝိုင်၊ မိုင်းမော၊ ပန်ခမ်း(ပန်ဆန်း)၊ နားဖန်း၊ မိုင်းလား၊ မိုင်းရှူး၊ ကျေးသီးမြို့နယ် (၇) ခုတို့တွင် ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိ၍ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ကို ကိုယ်စားလှယ် (၁၃၇) ဦးဖြင့် ဖွဲ့စည်းထားပါတယ်။ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အရေအတွက်နှင့်ပင် လွှတ်တော်အစည်းအဝေးခန်းမမှာ နေရာထိုင်ခင်း လုံလောက်မှု မရှိပါ။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပြည့် ဖြစ်လာပါက နေရာအခက်အခဲပိုမို၍ အဆင်မပြေဖြစ် လာမည်ဖြစ်သဖြင့် လွှတ်တော်အဆောက်အဦအသစ်ဆောက် လုပ်ရန် မဖြစ်မနေလိုအပ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်မည့် အခြေအနေနှင့် ဘဏ္ဍာရေးဆိုင်ရာ ခွင့်ပြုမှုကတော့ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ၁၈၀×၁၄၈ ပေ တည်ဆောက်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၅-၂-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၂၀၉၃/ ၆-၂၁၀/ အစရ (ရှမ်း)ဖြင့် ငွေလုံးငွေရင်းခေါင်းစဉ်မှ ငွေကျပ်သန်းပေါင်း (၃၆၀၀) ကို ခွဲဝေချထား ပေးခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ ၁၈၀×၁၄၈ ပေသည် ကိုယ်စားလှယ်ဦးရေ (၁၃၃) ဦးသာ ဝင်ဆံ့သဖြင့် ရှမ်းပြည်နယ်၏ မြို့နယ်ဖွဲ့စည်းမှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ တည်ရှိမှုသည် အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့် တူညီမှုမရှိ၍ ကိုယ်စားလှယ်ဦးရေ (၁၆၀) ဦး အထိ ဝင်ဆံ့နိုင်မည့် ၁၈၀×၁၆၀ ပေအရွယ်ရှိ

လွှတ်တော်အဆောက်အဦအား ဆောက်လုပ်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများသို့ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

လက်ရှိ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦရဲ့ တည်နေရာပြ မြေပုံကို ကောင်းကင်မြေတိုင်းမြေပုံ Google Map ကနေတွေ့တဲ့ အခြေအနေ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိ ရှမ်းပြည်နယ်အစိုးရဖွဲ့ရုံးနှင့် အစိုးရအဖွဲ့ရုံးအသစ် ဆောက်လုပ်မယ့် မြေနေရာ အနေအထားဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦသစ် ဆောက်လုပ်ရန် အဆိုပြုပုံစံ(၁)နှင့် အဆိုပြုပုံစံ(၂)တို့ရဲ့ ရှမ်းပြည်နယ် လွှတ်တော်ရုံးနှင့် ပတ်ဝန်းကျင်ပြမြေပုံတို့အရ ၃၆၀×၃၅၀ပေ ဧရိယာဧက ၂. ၉၆ဧက လိုအပ်မှာ ဖြစ်ပါတယ်။

ပြည်ထောင်စု ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗိသုကာဌာနမှ ရေးဆွဲပေးသည့် ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ၁၈၀×၁၆၀ ပေ ဆောက်လုပ်မည့် ဒီဇိုင်းပုံစံများ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် လွှတ်တော်အဆောက်အဦအသစ်ရဲ့ နမူနာပုံများ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်ရန် အတွက် တင်ဒါခေါ်ယူရေးကိစ္စရပ်များ ဆောင်ရွက်နေပြီး ဖြစ်ပါတယ်။ ဖော်ပြပါပုံကတော့ ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦ အသစ်ဖြစ်လာမည်ဆိုလျှင် တွေ့ရှိရမည့် အနေအထား ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရုံးမှာ အစည်းအဝေးခန်းမ၊ ကော်မတီရုံးခန်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး ခေတ္တအနားယူချိန်မှာ စားသောက်ခန်းမ စသည်အားဖြင့် ပထမထပ်မှာ ဖွဲ့စည်းထည့်သွင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ မြေညီထပ်မှာတော့ ဌာနရုံးခန်းများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ သဘင်ခန်းမ စုဝေး၊ ဟောပြောပွဲတွေ ပြုလုပ်နိုင်အောင် အစည်းအဝေးခန်းမ အောက်တည့်တည့်မှာ သဘင်ခန်းမ စသည်အားဖြင့် ထည့်သွင်းတည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်ရန်အတွက် တင်ဒါခေါ်ယူရေး ကိစ္စရပ်များနှင့် ပတ်သက်ပြီး ကော်မတီဖွဲ့စည်းဆောင်ရွက်မှု အခြေအနေများကို ဆက်လက်ပြောကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ ဆောက်လုပ်တဲ့ နေရာမှာ မှန်ကန်သော ကုန်ကျစရိတ်ဖြစ်စေရန်၊ အရည်အသွေး ပြည့်ဝစေရန်၊ မလိုလားအပ်သော မသမာမှုများမှ ကာကွယ်ရန်၊ ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုထုတ်ပြန်ထားသည့် EPC-2 (Equipment Procurement Civil Works)လုပ်ငန်းအပ်နှံသူမှ Architectural Drawing / Structural Drawing များ ကြိုတင်ရေးဆွဲပြီး တင်ဒါ ယှဉ်ပြိုင်တင်သွင်းစေခြင်းဖြင့် စနစ်တကျဆောင်ရွက်ခဲ့ပါတယ်။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီကို ဖော်ပြပါအတိုင်း လွှတ်တော်ဥက္ကဋ္ဌဦးစီးပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်ရာ ပြည်နယ်ဌာနဆိုင်ရာအကြီးအမှူး၊မြို့မိမြို့ဖများ(၁၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီကို အဖွဲ့ဝင်(၅)ဦးဖြင့် ဖော်ပြပါအတိုင်း ဖွဲ့စည်းထားပါတယ်။ကြမ်းခင်းဈေးတွက်ချက်ရေး လုပ်ငန်းကော်မတီကို ဖော်ပြပါအတိုင်း အဖွဲ့ဝင်(၇)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။

အိတ်ဖွင့်တင်ဒါခေါ်ယူမှုနှင့် တင်ဒါတင်သွင်းမှုအခြေအနေကို ဆက်လက်ပြောကြား သွားပါမယ်။ ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦအသစ် တည်ဆောက်ရန်အတွက် ၂၂-၄-၂၀၁၆ ရက်နေ့မှ ၂၄-၅-၂၀၁၆ ရက်နေ့အထိ သတ်မှတ်ပုံစံ တစ်စုံလျှင် ၅၀၀၀ဝိ/- နှုန်းသတ်မှတ်၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ၁၂-၄-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် သက်ဆိုင်ရာ ရုံးဌာနကြော်ငြာသင်ပုန်းများတွင် ကပ်နှိပ်ကြေညာခဲ့ရာ လျှောက်လွှာဝယ်ယူသူ (၃၅) ဦး၊ တင်ဒါတင်သွင်းသူ (၁၆)ဦး ရှိခဲ့ပါတယ်။ လျှောက်လွှာပုံစံ (၃၅) စောင်အတွက် ၅၀၀၀ဝိ/-နှုန်းဖြင့် ရောင်းချရငွေ ၁၇၅၀၀၀ဝိ/-အား ရှမ်းပြည်နယ်လွှတ်တော်ရုံး ငွေစာရင်းအမှတ် MD-021943 တွင် ပေးသွင်းထားရှိပါတယ်။ ၁၂-၄-၂၀၁၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြော်ငြာစာ ဖြစ်ပါတယ်။

အာမခံစပေါ်ငွေ ၁% ကျပ်၊ သိန်း (၃၆၀) ဖြင့် တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ၁၆ ခုရဲ့ အမည်စာရင်းများကတော့ ဖော်ပြပါ အတိုင်းဖြစ်ပါတယ်။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီ ၁၆ ခု၏ Profile (စာအိတ်- B)များအား ၂၀-၆-၂၀၁၆ ရက်နေ့တွင် တင်ဒါစိစစ်ရွေးချယ်ရေး ကော်မတီမှ ဖွင့်ဖောက်စစ်ဆေး၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိသည့် ဖော်ပြပါ

### ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း။

ကုမ္ပဏီ ၁၂ ခုကို ၂၃-၆-၂၀၁၆ ရက်နေ့တွင် Profile- B အောင်မြင်ကြောင်း ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဝင်များမှ တင်ဒါတင်သွင်းသည့် ကုမ္ပဏီများအား Profile စစ်ဆေးနေပုံ ဖြစ်ပါတယ်။တင်ဒါတင်သွင်းသည့် Profile အောင် ကုမ္ပဏီ (၁၂) ခုအနက် (၉)ခုသာ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီဝင်များအား Presentation ပြုလုပ်ခဲ့ပါတယ်။ ကျန်ကုမ္ပဏီ (၃)ခုမှ လာရောက်ရှင်းလင်းတင်ပြမှု မရှိပါ။

ရှမ်းပြည်နယ်လွှတ်တော် အဆောက်အဦ တည်ဆောက်မည့် တင်ဒါကုမ္ပဏီအား စိစစ်ရွေးချယ်နိုင်ရန်အတွက် Profile အောင်မြင်ပြီး ဆောက်လုပ်မည့် ဒီဇိုင်းပုံစံ၊ တင်ဒါဈေးနှုန်း၊ အစရှိသည့် ကိစ္စရပ်များအား လာရောက် Presentation ပြုလုပ်သည့်ကုမ္ပဏီ (၉) ခုအား ၅-၇-၂၀၁၆ ရက်နေ့တွင် တင်ဒါစိစစ်ရွေးချယ်ရေးဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သည့်ကော်မတီဝင်များ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သည့် ပညာရှင်များ၏ သုံးသပ်အကြံပြု ဆွေးနွေးခဲ့ပြီး ပေးမှတ်အများဆုံးရရှိသည့် ဖော်ပြပါကုမ္ပဏီ (၃) ခုအား ပဏာမ စိစစ်ရွေးချယ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်အဆောက်အဦ တည်ဆောက်ရေးနှင့် ပတ်သက်၍ ၁၈-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ဖော်ပြပါကုမ္ပဏီ (၃)ခုအား ပဏာစိစစ်ရွေးချယ်ထားရှိပြီး အာမခံစပေါ်ငွေ ၁%ကျပ်သိန်း (၃၆၀)ကို ကျန်ကုမ္ပဏီ ၆ ခုအား ၂၀-၉-၂၀၁၆ ရက်နေ့မှစ၍ ပြန်လည်ထုတ်ပေးသွားရန် ဆက်သွယ်အကြောင်းကြား ထားပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦအသစ်ဆောက်လုပ်ရန် မြေနေရာနှင့်ပတ်သက်၍ ၁၅-၈-၂၀၁၆ ရက်နေ့ ၁၀း၃၀ နာရီအချိန်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်း၌ ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော်ရုံး အဆောက်အဦ ဆောက်လုပ်နိုင်ရေး မြေနေရာချထားရေး အစည်းအဝေးသို့ ဖော်ပြပါပုဂ္ဂိုလ်များနှင့် တက်ရောက်ခဲ့ပြီး အစည်းအဝေးမှတ်တမ်း ကန့်သတ်ချက်မှာ ထိပ်တန်းလျှို့ဝှက်ဖြစ်သော်လည်း ပြည်နယ်လွှတ်တော်ဖြစ်သောကြောင့် ဖော်ပြပေးခြင်း ဖြစ်ပါတယ်။ အစည်းအဝေးတွင် တက်ရောက်ခဲ့ကြသည့် ပုဂ္ဂိုလ်များမှ ဖော်ပြပါအတိုင်းဆုံးဖြတ်ခဲ့ပါကြောင်း ရှင်းလင်းအသိပေးအပ်ပါတယ်။အနီးကပ်ဆုံးသော ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးဆုံးဖြတ်ချက်များ ရယူနိုင်ရေး စီမံဆောင်ရွက်ရန်၊ ပြည်နယ်လွှတ်တော် အဆောက်အဦသစ် ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ထားရှိမှု အခြေအနေအား CSO များ၊ ရပ်မိရပ်ဖများ၊ NGO များနှင့် မီဒီယာများသို့ ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းရန်အတွက် စိစစ်ဖိတ်ကြားရန်၊ ရှင်းလင်းအသိပေးရန်အတွက် လိုအပ်ချက်များ ပြည့်စုံအောင် ပြင်ဆင်ထားရန်၊ လိုအပ်ပါက Plan B လျာထားရေး ဆောင်ရွက်ပါရန်ဆိုတဲ့ ဆုံးဖြတ်ချက်များ ချမှတ်ပေးခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရဲ့ Capacity Building တည်ဆောက်ရေး လုပ်ငန်းစဉ်အဖြစ် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ် (၁၂) ဦးအဖွဲ့သည် ၂၄-၉-၂၀၁၆ ရက်နေ့မှ ၁-၁၀-၂၀၁၆ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ကြမှာဖြစ်ပါတယ်။ ဖော်ပြပါ ရှင်းလင်းပြောကြားချက်များက ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန် အစည်းအဝေးကာလအထိ ဆောင်ရွက်ချက်များ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မြို့နယ်အသီးသီးမှ ဒေသခံပြည်သူများ၏ ကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြသည်နှင့်အညီ မိမိတို့၏ အပြောအဆိုအပြုအမူ၊ အနေအထိုင်များသည်လည်း အလွန်အရေးကြီး လှပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းလိုက်သည့် မေးခွန်းတွေကိုလည်း မိမိတို့မဲဆန္ဒနယ်မြေမှာ ပြန်လည်ရောက်ရှိတဲ့ အခါမှာ ပြည်နယ်အစိုးရအဖွဲ့၏ စီမံဆောင်ရွက်ပေးနေမှု၊ ကြီးကြပ်မှုဆောင်ရွက်မှုများကိုလည်း လွှတ်တော်အတွေ့အကြုံ ရှင်းလင်းတဲ့ အချိန်မှာ ထည့်သွင်းဖော်ပြနိုင်ဖို့အတွက်လည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အဖြေတွေရရှိသွားကြပြီးဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ တွေးခေါ်ကြံဆပုံ၊ လုပ်ကိုင် ဆောင်ရွက်ပုံတွေဟာ ဒီမိုကရေစီကျင့်စဉ်များ၊ လူ့အခွင့်အရေးစံနှုန်း များကို ခံစားလိုကြသည့်နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် စံနမူနာကောင်းတွေ ဖြစ်စေချင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊အပြန်အလှန်လေးစားခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသားတို့ရဲ့ အကျိုးကိုသယ်ပိုးကြစေလိုပါတယ်။ တစ်ဦးနဲ့တစ်ဦးရင်းနှီး ချစ်ကြည်စွာဖြင့်မိမိတို့နိုင်ငံရဲ့ ဒီမိုကရေစီရှင်သန်ခိုင်မာဖို့နဲ့ လူ့အခွင့်အရေးများ မြှင့်တင်နိုင်ဖို့တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းရန် စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့စသည်တို့ကို အတူတကွ လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ဗြိတိန်အောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်တို့သည် ဗြိတိန်အောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow ဦးဆောင်သော အဖွဲ့ဝင် (၇)ဦးအား အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့ နံနက် (၁၀၀၀) နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် လွှတ်တော် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဗြိတိန် အောက်လွှတ်တော် ဥက္ကဋ္ဌ တွေ့ဆုံမှု မှတ်တမ်းဓာတ်ပုံ



## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ (NDI) နှင့် (IRI)မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စစ်အန်းဇွာဗာနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်သည် National Democratic Institute (NDI) နှင့် Internationl Republican Institute(IRI)မှ မြန်မာနိုင်ငံလုံးဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စစ်အန်းဇွာဗာ ဦးဆောင်သော အဖွဲ့ဝင်များအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့ မွန်းလွဲ(၁၄၀၀) နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် လွှတ်တော် ဧည့်ခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သိရှိရပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ မစ္စစ်အန်းဇွာဗာနှင့် အဖွဲ့အား တွေ့ဆုံမှု မှတ်တမ်းဓာတ်ပုံ

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအမေရိကန်ပြည်ထောင်စုမှ Visiting Speaker ဖြစ်သူ Ms.Teresa Ann Isaac နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူးပါ ရှမ်းပြည်နယ်လွှတ်တော်ရုံးမှ စီမံခန့်ခွဲရေးဝန်ထမ်း (၁၃) ဦးတို့သည် ဖက်ဒရယ်စနစ်နှင့် ပတ်သက်၍ လာရောက်တွေ့ဆုံ ဆွေးနွေးသော အမေရိကန်ပြည်ထောင်စုမှ Visiting Speaker ဖြစ်သူ Ms.Teresa Ann Isaac နှင့်အဖွဲ့ဝင်များအား ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်နေ့၊ မွန်းလွဲ (၁၅၀၀)နာရီတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် လွှတ်တော်ရုံး၌ တွေ့ဆုံ၍ အပြန်အလှန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ Ms.Teresa Ann Isaac နှင့် အဖွဲ့ဝင်များ တွေ့ဆုံမှု မှတ်တမ်းဓာတ်ပုံ

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ဦးဆောင်သော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ (၂၄-၉-၂၀၁၆) ရက်နေ့မှ (၁-၁၀-၂၀၁၆)ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ်




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ယူနန်ပြည်သူ့ကွန်ဂရက် ဒုဥက္ကဋ္ဌ **Mr.Zhao Peng** နှင့် တွေ့ဆုံနေစဉ်

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင် ဦးဆောင်၍ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦး၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး အကြီးအမှူး ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိ(၁)ဦးတို့သည် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ(၂၄) ရက်နေ့မှ အောက်တိုဘာလ (၁) ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ပါသည်။



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့်
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မှတ်တမ်းဓာတ်ပုံ

(၂၅-၉-၂၀၁၀၆)ရက်နေ့တွင် ကျိန့်ကျန်းမြို့အတွင်း၊ ရှီးကျင်းသု ရှေးဟောင်းဈေး၊ ခေတ်မီစိုက်ပျိုးရေးတိုးတက်မှု အခြေအနေများ၊ (၂၆-၉-၂၀၁၆)ရက်နေ့နှင့် (၂၇-၉-၂၀၁၆) ရက်နေ့များတွင် နန်းကျင်းမြို့ စက်မှုလက်မှုပညာ အသက်မွေးဝမ်းကျောင်း နည်းပညာကောလိပ်၊ စိုက်ပျိုးရေးနည်းပညာကောလိပ်၊ ကျန်းစူးပြည်နယ်ကွန်ဂရက် ဒုဥက္ကဋ္ဌ Mr. Zhao Peng နှင့် တွေ့ဆုံခြင်း၊ ဒေါက်တာဆွန်ယက်ဆင် ဂူဗိမာန်သို့ သွားရောက်ခြင်း၊ ကျန်နန်အင်ပါယာစင်တာသို့ သွားရောက်ခြင်း၊ (၂၈-၉-၂၀၁၆)ရက်နေ့တွင် ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ ကျောက်တောဥယျာဉ်၊ Chennong ကုမ္ပဏီသို့ သွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများ လေ့လာခြင်း၊ ယူနန်ပြည်သူ့ကွန်ဂရက် ဒုဥက္ကဋ္ဌ H.E Mme . Dao Linyinနှင့် တွေ့ဆုံခြင်း၊




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်နန်ကျင်းမြို့နည်းပညာ
ကောလိပ်ရှိမြန်မာနိုင်ငံမှကျောင်းသား/သူများနှင့်တွေ့ဆုံနေစဉ်

(၂၉-၉-၂၀၁၆)ရက်နေ့တွင် တယ်ဟုန်ပြည်နယ်ခွဲ၊ မန်စီမြို့ဖွံ့ဖြိုး တိုးတက်မှုအခြေအနေများ လေ့လာဆွေးနွေးခြင်း၊ မန်စီရွှေစေတီဘုရားအား ဖူးမြော်ကြည်ညိုခြင်း၊ ရွှေလီမြို့ရှိ ပီကင်းမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် ထုတ်လုပ်နေမှုအား လေ့လာခြင်း၊ (၃၀-၉-၂၀၁၆)ရက်နေ့တွင် ကျယ်ဂေါင်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ သွားရောက်လေ့လာခြင်း၊ ရင်ရှန်မော်တော်ဆိုင် ကယ်စက်ရုံသို့ လေ့လာခြင်း၊ ကျယ်ဂေါင်မြို့နှင့် မူဆယ်မြို့နယ်၊ မန့်ဟီးရိုးမြို့ကြားတွင်ရှိသော နှစ်နိုင်ငံတစ်ရွာသို့ သွားရောက်လေ့လာပြီးနှစ်နိုင်ငံနယ်စပ်လူဝင်/ထွက်သွားလာမှုအား ကြည့်ရှုလေ့လာခြင်း၊ ရွှေလီမြို့ရှိ နိုင်ငံခြားလုပ်သား အကူအညီပေးရေးနှင့် အုပ်ချုပ်ရေးစင်တာသို့ လေ့လာခြင်း၊ မန်စီမြို့ ဟုတ်ကူကော်ဖီစက်ရုံသို့ သွားရောက်၍ ကော်ဖီထုတ်လုပ်ရေး ဆောင်ရွက်မှုနှင့် ကော်ဖီစိုက်ပျိုးထားရှိမှု အခြေအနေများ လေ့လာခြင်း၊ (၁-၁၀-၂၀၁၆)ရက်နေ့တွင် ကူမင်းမြို့ရှိ ယူနန် တိုင်းရင်းသားကျေးရွာသို့ သွားရောက်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းထားရှိမှုအား လေ့လာခြင်းများ ဆောင်ရွက်ခဲ့ပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်နှင့် ကိုယ်စားလှယ်များ မော်တော်ယာဉ် ထုတ်လုပ်မှုအား လေ့လာနေစဉ်

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ

### ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် လျှပ်စစ်ပိုင်းဆိုင်ရာတပ်ဆင်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းများဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၄-၁၀-၂၀၁၆)ရက်နေ့တွင် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ရွာငံမြို့နယ်၌ ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဂျပန်နိုင်ငံအကြား ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖြစ် ဂျပန်နိုင်ငံ၏ တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ဆိုင်ရာ ချေးငွေဖြင့် အကောင်



အထည်ဖော် ဆောင်ရွက်သော ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်ရှိ ကျေးရွာ (၁၆)ရွာအား ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီခွဲရုံများ လျှပ်စစ်ပိုင်းဆိုင်ရာ တပ်ဆင်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းများဖွင့်ပွဲ အခမ်းအနားအား တက်ရောက်ခဲ့ပါသည်။

### ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ရွာငံဟော်အား ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား တက်ရောက်



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၄-၁၁-၂၀၁၆)ရက်နေ့တွင် ရွာငံမြို့နယ်၊ ဗထူးခန်းမ၌ ကျင်းပသော ရွာငံစော်ဘွားကြီး စဝ်လှဘော်အား အမျိုးထား၍ သား ရွာငံစော်ဘွား စဝ်ခွန်ရီနှင့် ညီအကိုမောင်နှမများကို ရည်စူးပြီး စော်ဘွားကြီး၏ သမီးများဖြစ်ကြသော စဝ်ခင်မြိုင်၊ စဝ်ခင်ညို၊ စဝ်မြဝင်းနှင့် စဝ်မြနှင်းတို့မှ ရွာငံဟော်အား ပညာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ပါသည်။ ထို့နောက် စော်ဘွားကြီး၏ သမီးများမှ ရွာငံဟော်အား ပေးအပ်လှူဒါန်းရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံ ကော်မတီဆိုင်ရာကိစ္စများ ဆောင်ရွက်



တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံသည် ကော်မတီအဖွဲ့ဝင် (၅)ဦးနှင့်အတူ ၁-၁၀-၂၀၁၆ ရက်နေ့မှ ၃-၁၀-၂၀၁၆ ရက်နေ့အထိ ခိုလမ်မြို့တွင် ဦးဖာတာပီတာသန်းပါ (၂)ဦး၊ ဆီဆိုင်မြို့တွင် ဒေါ်နန်းအုပ်ပါ (၅)ဦးနှင့် ဖယ်ခုံမြို့တွင် ဒေါ်နန်းနွမ်းခမ်းပါ(၈)ဦးမှ တင်ပြလာသော အမှုတွဲများအား ကွင်းဆင်းစိစစ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲ တက်ရောက်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းသည် ၇-၉-၂၀၁၆ ရက်နေ့တွင် ပင်းတယမြို့နယ်၊ကျားကုန်းအလက(ခွဲ)၌ကျင်းပသောမိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားနှင့် ၁၀-၈-၂၀၁၆ ရက်နေ့တွင် ပင်းတယမြို့၌ ကျင်းပသော ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသား/ကျောင်းသူများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားများသို့ တက်ရောက်၍ ဆုများပေးအပ် ချီးမြှင့်ခဲ့ပါသည်။




## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ နယ်မြေကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်



နောင်ချိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေသည် ၁၅-၈-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ နောင်ချိုမြို့နယ်၊ ကုန်းကြီးရွာမအုပ်စု၊ ကုန်းကြီးရွာလမ်းနှင့် တံတားအား ကွင်းဆင်း စစ်ဆေးခြင်း၊ ညောင်ထောက်အုပ်စု၊ ပိန်းအင်းကျေးရွာ မြေယာကိစ္စများအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှု စစ်ဆေး

နမ့်စန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေသည် ၆-၉-၂၀၁၆ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ အဖွဲ့ဝင်များနှင့်အတူ နောင်ဟီးကျေးရွာအုပ်စု၊ ကုန်းဆာရွာ မူလတန်းကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား လိုက်ပါကွင်းဆင်းစစ်ဆေးခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော်သည် လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပင်ဖြစ်-ဘုရားငါးဆူ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုခြင်း၊ ကောင်းဘို့ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် အဝီစိရေရရှိရေး ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ကွန်ဟိန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံထွန်းသည် ၃၁-၁၀-၂၀၁၆ ရက်နေ့တွင် (၂၀၁၆/၂၀၁၇)ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားတက်ရောက်ခြင်း၊ မြို့နယ်ဌာနဆိုင်ရာများနှင့်အတူ မြို့နယ်လမ်းများ တိုးချဲ့နေမှုအား ကွင်းဆင်းကြည့်ရှုခြင်းနှင့် ကျောက်တောင်မိုင်းခွဲ လမ်းချဲ့ထွင်နေမှုများအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်း သွေးလှူရှင်များအားဂုဏ်ပြုလက်မှတ်ပေးအပ်ပွဲတက်ရောက်



ကွမ်းလုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းသည် ၂၄-၆-၂၀၁၆ ရက်နေ့တွင် ကွမ်းလုံမြို့နယ်၊ ပြည်သူ့ဆေးရုံ၌ ကျင်းပသော (၅)ကြိမ်နှင့်အထက် သွေးလှူရှင်များအား ဂုဏ်ပြုလွှာလက်မှတ် ပေးအပ်ခြင်း အခမ်းအနားအား တက်ရောက်၍ သွေးလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှု



နမ့်ဆန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းသည် ၂၇-၁၀-၂၀၁၆ ရက်နေ့တွင် (၂၀၁၆/၂၀၁၇)ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ဘုရားကြီးကျေးရွာအုပ်စု၊ ဘုရားကြီးရွာ ကွန်ကရစ်လမ်းပြီးစီးမှု၊ တောင်မကျေးရွာအုပ်စု၊ တပ်မင်းသားကျေးရွာ ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုနှင့် နမ္မဝေါ်ရပ်ကွက် ကွန်ကရစ်လမ်းပြီးစီးမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။

ထုတ်ဝေသူ - ဦးထက်မာန်အောင် (ပ/၅၆၃၁)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ (၆)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး။ ထုတ်ဝေသည့်စောင်ရေ (၃၀၀)